မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ပြည်သူပိုင် စက်ရုံ အလုပ်ရုံများကို အာဏာအလွဲသုံးစား ပြုလုပ်နေသည့် ကြံ့ဖွံ့ပါတီအား အရေးယူပြီး ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်။

## ဖြစ်စဉ် အကျဉ်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) သည် မဲဆွယ်စည်းရုံးရေးသုံး လက်ကမ်းကြော်ငြာ စာရွက်စာတမ်းများ၊ ကြံ့ဖွံ့တံဆိပ်ပါ ဦးထုပ်၊ တီရှပ်အင်္ကျီ၊ ဗီနိုင်းကြော်ငြာများ၊ အလံများကို ပြန်ကြားရေးဝန်ကြီးဌာန အစိုးရ ပုံနှိပ်စက်များနှင့် အမှတ် (၁) စက်မှု ဝန်ကြီးဌာန လက်အောက်ရှိ ပလိပ်ချည်မျှင်နှင့် အထည်စက်ရုံ၊ ကျောက်ဆည် ချည်မျှင်နှင့် အထည်စက်ရုံ၊ စစ်ကိုင်း ရွာသစ်ကြီး ချည်မျှင်နှင့် အထည်စက်ရုံများအပါ အဝင်စက်ရုံများတွင် အခကြေးငွေ တစုံတရာ မပေးဘဲ ရိုက်နှိပ်ပေးနေရကြောင်း အစိုးရဝန်ထမ်းများက ပြောသည်။

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်းတို့သည် ကြံ့ဖွံ့ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ဤကဲ့သို့ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အခမဲ့ အခကြေးငွေမပေးဘဲ အသုံးပြုနေခြင်းဖြစ်ကြောင်း အစိုးရဝန်ထမ်းများက ပြောပြပါသည်။ **(ရောဝတီ၊ အောက်တိုဘာ ၁၂ ၊ ၂၀၁၀)**

## ဥပဒေရေးရာ သုံးသပ်ချက်

၁။ နအဖ စစ်အစိုးရ ဝန်ကြီးများဖြစ်သော ဦးကျော်ဆန်းနှင့် ဦးအောင်သောင်းတို့သည် ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အသုံးပြု၍ မိမိအကျိုးစီးပွားဖြစ်သည့် ကြံ့ဖွံ့ပါတီ၏ စည်းရုံးရေးသုံးပစ္စည်းများကို အခကြေးငွေ တစုံတရာ မပေးဘဲ၊ အခမဲ့ အာဏာအလွဲသုံးစား ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းအလုပ်သမားများ၏ ထွက်ဆိုချက်အရ အမှုဖြစ်စဉ် အကျဉ်းတွင်ပေါ်ပေါက်လျှက်ရှိပါသည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ တွင် ဖော်ပြထားသော မည်သူမဆို ပြည်သူ့ဝန်ထမ်းအဖြစ် ဖြင့်သော်၎င်း ––– ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်း စီမံခန့်ခွဲပိုင်ခွင့်ကို တနည်းနည်းဖြင့် အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်လျှင် ထို့သူကို တသက်တကျွန်းဒဏ် ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်အရ အရေးယူ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။

၂။ နအဖ ဥပဒေအမှတ် ၂/၂၀၁၀ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ (ခ) နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၅ (ခ) တို့တွင် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတရပ်ရပ်ကို ပြုလုပ်ခြင်းနှင့် ပုဒ်မ ၁၅ (ဂ) နိုင်ငံတော်ဖွဲ့စည်းပုံနှင့် **တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း**၊ ရှိခဲ့လျှင် ပါတီမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ကြံ့ဖွံ့ပါတီ ခေါင်းဆောင်များ၏ လုပ်ရပ်များသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံမှု ဖောက်ဖျက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ ကို ဖောက်ဖျက်ကျူးလွန်နေသည့်အတွက် ကြံ့ဖွံ့ပါတီကို မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရမည် ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (က) (၅) အရ နိုင်ငံတော် အဆောက်အအုံနှင့် ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်းဖြစ်လျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟု ပါရှိသဖြင့် ယခုကဲ့သို့ တိုက်ရိုက်ရယူသုံးစွဲထားသည့် အတွက် ဤဥပဒေ ပုဒ်မ ၁၂ (ခ) အရ ကြံ့ဖွံ့ပါတီအား မှတ်ပုံတင်ခြင်းကိုပယ်ဖျက်၍ ယင်းပါတီအား ဖျက်သိမ်း ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြချက်များအရ ဝန်ကြီးများဖြစ်သော ဦးကျော်ဆန်းနှင့် ဦးအောင်သောင်း တို့ကို ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၄၀၉ အရ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံမှု ဖောက်ဖျက်မှုကို ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်သင့်ကြောင်းနှင့် ၎င်းတို့၏ ကြံ့ဖွံ့ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်း ဥပဒေ ၁၂ (ခ) အရ ဖျက်သိမ်းသင့်ကြောင်းတို့ကို ပြည်သူလူထုတရပ်လုံးမှ တောင်းဆိုနိုင်ရန် ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ် သိရှိလိုပါလျှင်–
ဦးမျိုး
တာဝန်ခံ – ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
ဖုန်း – ၀၈၆ ၂၁၆ ၀၁၀၈
(၁၉၊ ၁၀၊ ၂၀၁၀)

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation.
It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.